# ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ) ၊ ၃၄(ဂ)၊ ၃၇ နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့်များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ ) အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက် ပြန်ကြားပေးခဲ့ပါသည်။

၂။ ၃၁ - ၁ - ၂၀၂၄ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၄)၌ အောက်ဖော်ပြပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၄)ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေး အဆိုပြုချက်(၆)ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့် ဝန်ထမ်း(၅၄)ဦးတို့အား တိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**<br>- ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | (၂)ဦး | ၅-၁၂-၂၀၂၃ | ၂၂-၁-၂၀၂၄ | ၂၃-၁-၂၀၂၄ | ၃၁-၁-၂၀၂၄<br>(၅ /၂၀၂၄) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၂။ | **ဥပဒေရေးရာဝန်ကြီးဌာန**<br>- ရုံးချုပ် | (၆)ဦး | ၁၉-၁-၂၀၂၄ | ၂၂-၁-၂၀၂၄ | ၂၄-၁-၂၀၂၄ | ၃၁-၁-၂၀၂၄<br>(၅ /၂၀၂၄) |
| ၃။ | **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**<br>(က) တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>(ခ) ပြည်ထောင်စုဝန်ကြီးရုံး | (၂)ဦး<br>(၂)ဦး | ၅-၁-၂၀၂၄<br>၅-၁-၂၀၂၄ | ၂၂-၁-၂၀၂၄<br>၂၂-၁-၂၀၂၄ | ၂၄-၁-၂၀၂၄<br>၂၄-၁-၂၀၂၄ | ၃၁-၁-၂၀၂၄<br>(၅ /၂၀၂၄)<br>၃၁-၁-၂၀၂၄<br>(၅ /၂၀၂၄) |
| ၄။ | **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**<br>- စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ | (၄၂)ဦး | ၁၈-၁၂-၂၀၂၃ | ၂၂-၁-၂၀၂၄ | ၂၉-၁-၂၀၂၄ | ၃၁-၁-၂၀၂၄<br>(၅ /၂၀၂၄) |